JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် | မြန်မာ**

# မြန်မာစစ်ရာဇဝတ်ကောင်များထံ ဘဏ္ဍာငွေနှင့် စစ်လက်နက်များ ပေးအပ်နေသည့် သူဌေးကြီးများကို ပိတ်ဆို့ဟန့်တားရေး စင်ကာပူနိုင်ငံအား ဖိအားပေးရန် "အသက် ၃၀ အထက် မသမာသူများ (Dirty Over 30)" စာရင်းကို စတင်ထုတ်ပြန်

*Justice For Myanmar သည် Forbes 30 Under 30 ကို အတုယူ၍ စင်ကာပူနိုင်ငံမှ ဘဏ္ဍာငွေများ၊ စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ တရားမဝင်စစ်အုပ်စုထံ တင်သွင်းပေးလျက်ရှိသည့် သူဌေးကြီးများကို သရော်ရှုတ်ချ*

Justice For Myanmar သည် တရားမဝင် မြန်မာစစ်အုပ်စုအား ပံ့ပိုးကူညီလျက်ရှိသည့် သူဌေးကြီးများ အပေါ် အရေးယူဆောင်ရွက်ရေးအတွက် အာရုံစိုက်လာစေရန် ကြိုးပမ်းမှုအသစ်တစ်ရပ်ကို ယနေ့ စတင်လိုက်ပြီဖြစ်သည်။ စတင်ထုတ်ပြန်လိုက်သည့် "အသက် ၃၀ အထက် မသမာသူများ (Dirty Over 30)" စာရင်းတွင် သူဌေးကြီး ၉ ဦး အကြောင်းကို ဖော်ပြထားပြီး၊ ၎င်းတို့သည် စင်ကာပူနိုင်ငံ၏ စီးပွားရေး လုပ်ဆောင်ရလွယ်ကူမှုကို အသုံးပြု၍ စစ်အုပ်စုထံ ဘဏ္ဍာငွေကြေးများ၊ စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ဆက်လက်တင်သွင်းနေကြသူများ ဖြစ်သည်။ စင်ကာပူနိုင်ငံသည် <u>မြန်မာစစ်အုပ်စုထံ စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချသည့် တတိယအများဆုံးနိုင်ငံ</u>အဖြစ် လက်ရှိအချိန်တွင် ရပ်တည်နေသည်။ နောက်ထပ်ထုတ်ပြန်မှုများတွင် မြန်မာနိုင်ငံ၏ အကျပ်အတည်းမှ အကျိုးအမြတ်ရှာဖွေရရှိနေသည့် အခြားဒေသများမှ သူဌေးကြီးများအကြောင်း ပါဝင်မည် ဖြစ်သည်။

မြန်မာစစ်အုပ်စုထံ ဘဏ္ဍာငွေများနှင့် စစ်လက်နက်များ ရောက်ရှိမှုအား ပို၍ ထိရောက်စွာ ပိတ်ဆို့ဟန့်တားရန် စင်ကာပူနိုင်ငံနှင့် အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများအပေါ် ဖိအားပေးရန်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၂၃ အာဆီယံထိပ်သီးအစည်းအဝေးမတိုင်မီ ယခုလှုပ်ရှားတောင်းဆိုမှုကို စတင်လိုက်ခြင်း ဖြစ်သည်။

## ဝိသမထွင့်ခေါင် လုပ်ငန်းရှင် ၉ ဦးနှင့် တွေ့ထိခြင်း

"အသက် ၃၀ အထက် မသမာသူများ (Dirty Over 30)" စင်ကာပူထုတ်ပြန်မှုတွင် မြန်မာနိုင်ငံအတွင်း ရက်စက် ကြမ်းကြုတ်မှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် ငွေးကြေးထောက်ပံ့နေပြီး၊ စင်ကာပူနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြသည့် ကြွယ်ဝမှုအမြောက်အများ ပိုင်ဆိုင် ထားသူ စီးပွားရေးလုပ်ငန်းရှင် ၉ ဦး ပါဝင်သည်။ ၎င်းတို့မှာ-

- ထူးကုမ္ပဏီများအုပ်စု တည်ထောင်သူနှင့် ဉက္ကဋ္ဌ တေဇ
- International Gateways Group of Companies တည်ထောင်သူနှင့် မန်နေဂျင်းဒါရိုက်တာ နိုင်ထွဋ်အောင်
- Myanmar Chemical & Machinery Group တည်ထောင်သူနှင့် မန်နေဂျင်းဒါရိုက်တာ အောင်လှိုင်ဦး
- Dynasty Group of Companies တည်ထောင်သူနှင့် ဒါရိုက်တာ အောင်မိုးမြင့်
- Star Sapphire Group of Companies တည်ထောင်သူနှင့် မန်နေဂျင်းဒါရိုက်တာ ထွန်းမင်းလတ်
- Asia Sun Group of Companies တည်ထောင်သူနှင့် ဒါရိုက်တာ ခင်ဖြူဝင်း
- KT Group အမှုဆောင်အရာရှိချုပ် ဂျိုနသန်မျိုးကျော်သောင်း
- ရွှေဗိုုင်းဖြူကုမ္ပဏီများအုပ်စု တည်ထောင်သူနှင့် ဉက္ကဋ္ဌ သိန်းဝင်းဇော်
- ရင်းနှီးမြှုပ်နှံသူ ကျော်ကျော်ထွန်း (ခ) George Yin Soon

"အသက် ၃၀ အထက် မသမာသူများ (Dirty Over 30)" စာရင်းသည် Forbes 30 Under 30 စာရင်းကို အတုယူ၍ ရေးသားသရော်ထားခြင်း ဖြစ်သည်။ "အသက် ၃၀ အထက် မသမာသူများ (Dirty Over 30)" စာရင်းဝင် "သရော်ရှုတ်ချခံရသူများ" ၏ ရုပ်ပုံလွှာများကို အမှန်တကယ်ရှိသည့် ဓာတ်ပုံများနှင့် ခေတ်မီ အေအိုင်နည်းပညာ အသုံးပြု လူမျက်နှာပုံဖန်တီးမှုများဖြင့် ပုံဖော်ထားသည်။ ကိုယ်ရေးဖော်ပြချက်တွင် ၎င်းတို့၏ဘဝအကြောင်းနှင့် ဝိသမစီးပွားရေးလုပ်ငန်းအကြောင်း အချက်အလက်မှန်များကိုသာ ထည့်သွင်း ထားသည်။ ထင်ရှားသည့် ဉပမာ အားဖြင့် Forbes 30 Under 30 စာရင်းတွင် "ဖော်ညွှန်းတင်ပြခံရသူများ" တွင် ကျင့်ဝတ်နှင့်မညီသော၊ တရားဉပဒေနှင့် မညီသော အပြုအမူများ လုပ်ဆောင်ခဲ့သူများကို ပြန်လည် ဖော်ပြထားသည့် "ထောင်သို့ဦးတည်နေ သည့် အသက် ၃၀ အောက် လူ ၃၀ (30 Under 30 pipeline to prison) " သည် "အသက် ၃၀ အထက် မသမာသူများ (Dirty Over 30)" စာရင်းရှိ အမြတ်ကြီးစားသူ များအား သရော်ရှုတ်ချအရေးယူခြင်းမှ ကင်းလွတ်နေလိမ့်မည် မဟုတ်ကြောင်း သိရှိစေမည်ဖြစ်သည်။

**စင်ကာပူအစိုးရကို ဖိအားပေးခြင်း**

စင်ကာပူအစိုးရသည် မြန်မာနိုင်ငံသို့ စစ်လက်နက်များရောက်ရှိမှုကို ရပ်တန့်မည်ဖြစ်ကြောင်း လူသိရှင်ကြား ကတိကဝတ် ပြုထားပြီးဖြစ်သော်လည်း ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုသည် ယခုအချိန် အထိ လုံလောက်မှုမရှိပေ။ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်၏ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာစစ်အုပ်စုနှင့် အမေရိကန် ဒေါ်လာ ၂၅၇ သန်းတန်ဖိုးရှိ စင်ကာပူအခြေစိုက် သိသာထင်ရှားသည့် ကုန်သွယ်ရေး ကုမ္ပဏီ ၁၃၈ ခုကို ဖော်ပြထားသည်။ အဆိုပါအစီရင်ခံစာတွင် စင်ကာပူ အစိုးရအနေဖြင့် ၎င်းတို့၏ အချုပ်အခြာနယ်မြေမှ မြန်မာစစ်အုပ်စုထံ လက်နက်ရောင်းဝယ်မှုအားလုံးကို အောင်မြင်စွာ ရပ်တန့်နိုင်မည်ဆိုပါက စစ်အုပ်စု၏ စစ်ရာဇဝတ်မှုများ ကျူးလွန်နိုင်စွမ်းကို သိသိသာသာ ဟန့်တားနှောက်ယှက် နိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြထားသည်။

၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာစစ်အုပ်စုသည် ကလေးသူငယ်များအပါအဝင် အနည်းဆုံး လူပေါင်း ၄,၀၂၃ ဦးကို သတ်ဖြတ်ထားပြီး၊ အကြီးအကျယ်ညှင်းပမ်းနှိပ်စက်မှုများ ကျူးလွန်ကာ လူပေါင်း ၂၄,၀၀၀ ကျော်အား တရားဥပဒေမဲ့ ဖမ်းဆီးအကျဉ်းချထားသည်။ အဆင်ခြင်မဲ့လေကြောင်း တိုက်ခိုက်မှုများဖြင့် လူပေါင်းများစွာကို သတ်ဖြတ်ထားပြီး၊ ထိုလေကြောင်းတိုက်ခိုက်မှုများအတွက် လေယာဉ်ပစ္စည်းအစိတ်အပိုင်းများ၊ လေယာဉ်ဆီများနှင့် ဗုံးနှင့် ကျည်ဆံများထုတ်လုပ်ရာတွင် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းကို ဆက်လက် လိုအပ်နေသည်။ စစ်အုပ်စုသည် အခြားလူပေါင်း များစွာကိုလည်း ဖမ်းဆီးအကျဉ်းချခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းများ လုပ်ဆောင်ထားသည်။

**စင်ကာပူနိုင်ငံအနေဖြင့်**

- မြန်မာစစ်အုပ်စုထံ စစ်လက်နက်များ၊ အရပ်ဘက်-စစ်ဘက်နှစ်မျိုးသုံးပစ္စည်းများနှင့် နည်းပညာ များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းပေးအပ်နေမှုကို ရပ်တန့်ရေးအတွက် ဒဏ်ခတ်ပိတ်ဆို့မှု များ ချမှတ်ရန်၊

- စစ်အုပ်စု၏ ဘဏ်များအပါအဝင် ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုများမှတဆင့် စင်ကာပူဘဏ္ဍာရေး စနစ်ကို စစ်အုပ်စုက အသုံးပြုနေမှုကို ပိတ်ဆို့ဖြတ်တောက်ရန်၊

- မြန်မာစစ်အုပ်စုထံ စစ်လက်နက်များ၊ စစ်ဘက်-အရပ်ဘက်နှစ်မျိုးသုံးပစ္စည်းများနှင့် နည်းပညာများ တင်သွင်းရောင်းချခဲ့သည့် စင်ကာပူကုမ္ပဏီများအပေါ် လုပ်ဆောင်လျက်ရှိသည့် စုံစမ်းစစ်ဆေးမှုများကို အမြန်ဆုံး ဆောင်ရွက်ပြီး၊ အများပြည်သူသို့ ထုတ်ပြန်ရန်၊

- မြန်မာစစ်အုပ်စုနှင့် ၎င်းတို့နှင့် စီးပွားရေးလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအပေါ် အခြားအာဆီယံနိုင်ငံများမှ ဒဏ်ခတ်ပိတ်ဆို့မှုများ ပိုမိုပြုလုပ်လာရေး တွန်းအားပေးရန်

"အသက် ၃၀ အထက် မသမာသူများ (Dirty Over 30)" လှုပ်ရှားမှုနှင့်အတူ Justice For Myanmar က တောင်းဆို သည်။

## ပိုမိုသိရှိရန်

"အသက် ၃၀ အထက် မသမာသူများ (Dirty Over 30)" စတင်ထုတ်ပြန်မှုကို ယခုနေရာတွင် ကြည့်ရှုပါ။

**Justice For Myanmar** | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။